# ငြိမ်းချမ်းရေးဖြစ်စဉ်ရက်စွဲစဉ်မှတ်တမ်း

**အတွဲ(၂)၊ အမှတ်(၈)၊ မေ ၂၀၁၈**

Burma Monitor
Research & Monitoring

ယခုရက်စွဲမှတ်တမ်းပါ အချက်အလက်များသည် မြန်မာ့အရေး လေ့လာသူများအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ မေလ ၁ ရက်နေ့မှ မေလ ၁၃ ရက်နေ့အတွင်း ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ၊ ဆွေးနွေးမှုများနှင့် တခြားသော ဆက်စပ်သတင်း များအား မီဒီယာများမှတဆင့် မှတ်တမ်းတင်ထားသော ရက်အလိုက် ငြိမ်းချမ်းရေးသတင်း စုစည်းချက်များ ဖြစ်ပါသည်။ ထို့ကြောင့် ရက်စွဲမှတ်တမ်းပါအချက်များသည် မြန်မာ့အရေးလေ့လာသူများ၏ အမြင်နှင့် အာဘော်မဟုတ်ဘဲ ငြိမ်းချမ်းရေးနှင့် ပတ်သက်သော မီဒီယာဖော်ပြချက်များအား စုစည်းပေးထားခြင်းသာဖြစ်ပါသည်။ မြန်မာ့အရေးလေ့လာသူများအဖွဲ့မှ ထုတ်ဝေလျက်ရှိသော ငြိမ်းချမ်းရေး ရက်စွဲစဉ်မှတ်တမ်းများအား ပိုမိုကောင်းမွန်စေရန်အတွက် အကြံပြုချက်များပေးပါရန် အကူအညီ တောင်းခံအပ်ပြီး၊ အကြံပြုချက်များပေးပို့လိုပါက bcmg.burma.org@gmail.com နှင့် ဖုန်း - 09-796636737 တို့ကို ဆက်သွယ်နိုင်ပါသည်။

မြန်မာ့အရေးလေ့လာသူများအဖွဲ့

## လက်နက်ကိုင်ပဋိပက္ခ

- **ရှမ်းပြည်နယ်**

**SSPP/SSA - TMT**

မေလ ၂ ရက်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ကျောက်မဲမြို့နယ် လွယ်ရင်တောင်ပေါ်၌တည်ရှိသော ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP/SSA)၏စခန်းအား မြန်မာ့တပ်မတော်မှ ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ (BBC)

မေလ ၁၁ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမြို့နယ်အတွင်း မြန်မာ့တပ်မတော်နှင့် ရှမ်းပြည်တိုးတက်ရေးတပ်မတော် (SSPP/SSA)တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ (VOA)

## TNLA - TMT

မေလ ၂ ရက်နေ့ နံနက် ၉ နာရီခန့်တွင် ရှမ်းပြည်နယ် ကျောက်မဲမြို့နယ် တော့စန်ကျေးရွာအနီးနှင့် ညောင်ပန်လအထက် လွယ်ယင်တောင်ကြောပေါ်၌ တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA) နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ (TheLadies) (TNLA)

မေလ ၆ ရက်နေ့တွင် နေ့လည်ပိုင်း ၁၅း၄၅ နာရီမှ ၁၆း၅၀ နာရီထိ ရှမ်းပြည်၊ မူဆယ်မြို့နယ် မန်ထာရွာနှင့် ခိုမုန်းရွာကြားရှိ လွယ်မော့တောင်၌ တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် TNLA တပ်ရင်း (၇၇၇) နှင့် မြန်မာ့တပ်မတော် တပ်မ ၁၁ တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ (TNLA) (TNLA)

မေလ ၉ ရက်နေ့ ညနေ ၆း၁၅ မိနစ်တွင် ရှမ်းပြည်နယ်၊ နမ္မတူမြို့နယ် ဟိုနားကျေးရွာမှနေ၍ မန်အိုင်ကျေးရွာဘက်သို့ ဦးတည်ပြီး မြန်မာ့တပ်မတော်မှ လက်နက်ကြီးများဖြင့် ၅ ကြိမ်တိုင်ပစ်ခဲ့ပြီး သျှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ RCSS ကလည်း ခိုယောင် (လီရှော) ကျေးရွာမှ နေ၍ ပန်ကျိုင်းတံတားဘက်သို့ ဦးတည်ပြီး လက်နက်ကြီးများဖြင့် ၃ကြိမ်တိုင်ပစ်ခတ်ခဲ့သည်ဟု TNLA သတင်းနှင့်ပြန်ကြားရေး ဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။ (TNLA)

မေလ ၉ ရက်နေ့ နေ့လည် ၁၃း၂၀ နာရီမှ ၁၄း၂၀ နာရီထိ ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့နယ် ရွှေမော်ကျေးရွာအနီးတွင် မြန်မာ့တပ်မတော်နှင့် တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ (TNLA)

မေလ ၁၀ ရက်နေ့ နံနက်ပိုင်း ၀၇း၀၀ နာရီမှ ၀၈း၂၀ နာရီထိ ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ္မတူမြို့နယ်၊ နာလေးကျေးရွာ အနီး၌ မြန်မာ့တပ်မတော်နှင့် တအန်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA) တို့တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ ထို့ပြင် မန်အိုင်ကျေးရွာအနီးတွင် နံနက်ပိုင်း ၉း၂၅ မှ ၁၀း၂၅ ထိတစ်ကြိမ်၊ နေ့လည်ပိုင်း ၁၂း၃၅ နာရီမှ ၁၃း၁၅ နာရီထိ တစ်ကြိမ် (၂)ကြိမ်တိုင် တိုက်ပွဲဖြစ်ပွားခဲ့သည်။(TNLA) (TNLA) (TheLadies)

မေလ ၁၂ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့နယ်အတွင်း မြန်မာ့တပ်မတော်နှင့် တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA) တို့တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲကြောင့် ရဲ၊ ပြည်သူ့စစ်နှင့် အရပ်သား ၁၉ ဦး သေဆုံးပြီး ၂၇ဦး ဒဏ်ရာရရှိခဲ့သည်။ (TNLA) (MOI) (Military) (Mizzima) (Irrawaddy) (Mizzima) (RFA) (BBC) (VOA) (VOA) (Popular) (Popular) (TNLA) (TheLadies) (Marnagar)

## SSPP/SSA – TNLA - TMT

မေလ ၂ ရက်နေ့ နံနက် ၁၁ ခွဲမှ စတင်ခဲ့ပြီး ကျောက်မဲမြို့နယ်ထဲက တော့ဆန်ကျေးရွာအုပ်စု ညောင်မောင်းရွာ၌ မြန်မာ့တပ်မတော်၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ၊ တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့ ကြား ၃ ပွင့်ဆိုင် တိုက်ပွဲဖြစ်ပွားခဲ့သည်။ (Popular)

**SSPP – TNLA**

မေလ ၄ ရက်နေ့ နံနက် ၈ နာရီမှ စတင်ပြီး နေ့လည် ၂ နာရီ ကျော် အထိ ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ် မိုင်းယင်ကျေးရွာအုပ်စု (ရွာမ) အရှေ့မြောက်ဘက်ရှိ ဝမ့်ဆာအွန်နား၌ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)နှင့် တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA)တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲဖြစ်ပွားနေစဉ်ကာလ အတွင်းတွင် မြန်မာ့တပ်မတော်မှ တမိုင်ကျော်အကွာခန့်၌ စောင့်ဆိုင်းနေခဲ့သည်။ တိုက်ပွဲကြောင့် ဒေသခံ ၅၀၀ ကျော် ထွက်ပြေးတိမ်းရှောင်နေခဲ့ရသည်။ (ShanNews) (Taifreedom) (ShanNews) (BBC) (Mizzima) (Irrawaddy) (Irrawaddy) (7day)

မေလ ၅ ရက်နေ့တွင် ရှမ်းပြည်နယ် နမ္မတူမြို့နယ် မန်ဆာကျေးရွာ၌ တအန်းအမျိုးသားလွတ်မြောက်ရေး တပ်မတော်နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲတွင် (TNLA) ဘက်မှ ၁၁ ဦး သေဆုံးခဲ့ပြီး ၁၀ ဦးပြင်းထန်ဒဏ်ရာရရှိခဲ့ပြီး SSPP ဘက်မှ ၁ ဦး သေဆုံးခဲ့ပြီး ၄ ဦး ပြင်းထန်စွာ ဒဏ်ရာ ရရှိခဲ့သည်။ တိုက်ပွဲအတွင်း TNLA မှ လက်နက်ကြီးကျည်ပစ်ခတ်မှုကြောင့် မန်ဆာအွမ်ဒေသခံ ၂ ဦး လက်နက်ကြီးကျည်စ ထိမှန်ဒဏ်ရာရရှိကာ မန်ဆာအွမ်ကျေးရွာ ဉက္ကဋ္ဌကိုလည်း TNLA မှ ဖမ်းဆီးခေါ်ဆောင်သွားသည်ဟု RSS ပိုင် သတင်းဌာနဖြစ်သော Taifreedom မှ သတင်းထုတ်ပြန်ခဲ့သည်။ (Taifreedom) (ShanNews) (BBC) (Mizzima)

မေလ ၆ ရက်နေ့တွင် ရှမ်းပြည်နယ် မန်ဆာအွမ်ကျေးရွာ၌ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) နှင့် တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့အကြား တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ (Irrawaddy) (ShanNews) (Mizzima)

**RCSS – TNLA**

မေလ ၉ ရက်နေ့ ညနေ ၆း၁၅ မိနစ်တွင် ရှမ်းပြည်နယ်၊ နမ္မတူမြို့နယ် ဟိုနားကျေးရွာမှနေ၍ မန်အိုင်ကျေးရွာဘက်သို့ ဦးတည်ပြီး မြန်မာ့တပ်မတော်မှ လက်နက်ကြီးများဖြင့် ၅ ကြိမ်တိုင်ပစ်ခဲ့ပြီး သျှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ RCSS ကလည်း ခိုယောင် (လီရှော) ကျေးရွာမှ နေ၍ ပန်ကျိုင်းတံတားဘက်သို့ ဦးတည်ပြီး လက်နက်ကြီးများဖြင့် ၃ကြိမ်တိုင်ပစ်ခတ်ခဲ့သည်ဟု TNLA သတင်းနှင့်ပြန်ကြားရေး ဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။ (TNLA)

- **ရခိုင်ပြည်နယ်**

မေလ ၃ ရက်နေ့ နံနက် ၉ နာရီ ၁၀ မိနစ်မှ ၁၀ နာရီ ၅၀ မိနစ် အချိန်ထိ အိန္ဒိယ-မြန်မာနယ်စပ်၊ ကုန်ပြင်ရှာ မြောက်ဖက် ၂ ကီလိုမီတာ အနီး ၊ကုလားတန်မြစ်ကြောင်းအတွင်း၌ မြန်မာ့တပ်မတော်၏ စကခ ၉ လက်အောက်ခံ၊ မင်းပြား အခြေစိုက်၊ ခမရ ၅၄၁ တပ်ရင်းနှင့် ရက္ခိုင့် တပ်မတော်တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ မြန်မာ့တပ်မတော်ဘက်မှ ၄ ဦး သေဆုံးခဲ့ပြီး ၆ ဦးခန့် ဒဏ်ရာရရှိခဲ့သည်။ တပ်မတော်ဘက်မှ နေ့လည် ၁၂ နာရီခန့်တွင် လက်နက်ကြီးများဖြင့်လည်း ပစ်ခတ်ခဲ့သည်။ (NAB) (TheArakanArmy) (TheArakanArmy) (Mizzima) (BBC) (IrrawaddyEng)

မေလ ၉ ရက်နေ့ နံနက်(၉) နာရီ (၃၀) မိနစ်တွင်အိန္ဒိယ-မြန်မာနယ်စပ်၊ ကုန်ပြင်ရှာမြောက်ဖက်(၂) ကီလိုမီတာအနီး၊ ကုလားတန် မြစ်ကြောင်း၊ "ပင်မချောင်း"အနီး မြန်မာ့တပ်မတော်နှင့် ရက္ခိုင့်တပ်မတော်(AA)တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ (NAB) (AA)

- **ကရင်ပြည်နယ်**

KNU-ကရင်အမျိုးသားအစည်းအရုံး၊ မူတရော်(ဖာပွန်)ခရိုင်၊ လူသောမြို့နယ်ရှိ ခေးပူ၊ လယ်မူပလောကြား ကားလမ်းဟောင်းကို မြန်မာ့တပ်မတော်က မေလ ၆ရက်နေ့မှစ၍ ကားလမ်းဖောက်လုပ်မှုများ တဖန်ပြန်လည် ပြုလုပ်လာသောကြောင့် နှစ်ဖက်တပ်အကြား မေလ ၆ ရက်နေ့တွင် ၂ ကြိမ်၊ မေလ ၇ ရက်နေ့တွင် ၃ ကြိမ်နှင့် မေလ ၈ ရက်နေ့တွင် ၃ ကြိမ် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ည်။ (KIC)

**စစ်ဘေးရှောင်**

- **ကချင်ပြည်နယ်**

ကျောက်မဲမြို့သို့ရောက်ရှိခိုလှုံနေကြသည့် ကျေးလက်ဒေသမှ စစ်ဘေးရှောင် ဒုက္ခသည် ၂၀၀ကျော် မှာ နေရပ် မပြန်နိုင်သေးဘဲ ကျောက်မဲ မြို့ပေါ်တွင် အိမ်၊ အခန်းငှား နေထိုင်နေခဲ့ရသည်။ (ShanNews)

ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် မြန်မာ့တပ်မတော်တို့ ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် ပိတ်မိနေသော ကာမိုင်း လိုင်နောင်ခူးမှ စစ်ရှောင်ပြည်သူ ၁၅၂ဦး အား မေလ ၄ ရက်နေ့ ညနေပိုင်းတွင် ကချင်လူငယ်အဖွဲ့မှ သွားရောက်ခေါ်ဆောင်ရာတွင် မြန်မာ့တပ်မတော်ဘက်မှ တားဆီးမှုများပြုလုပ်ခဲ့သည်။ (BBC) (RFA) (MyitKyiNaNews) (KachinNews) (Irrawaddy)

မေလ ၆ ရက်နေ့တွင် ကချင်လူငယ်များမှ မြစ်ကြီးနားမြို့သို့ ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြတ်အေးနှင့် အလွတ်သဘောတွေ့ဆုံရာ၌ ဒုက္ခသည်များ လွတ်မြောက်ရေး အတွက် တောင်းဆိုခဲ့သည်။ ထို့နောက် ဦးဝင်းမြတ်အေးမှ မြန်မာ့တပ်မတော် ဒေသကွပ်ကဲရေးမှူးနှင့် ညှိနှိုင်းကာ သွားရောက်ကယ်တင်ခဲ့ပြီး ကချင်လူငယ်များနှင့် ကူညီရေး အဖွဲ့များမှလည်း စားနပ်ရိက္ခာများထောက်ပံ့ကူညီခဲ့သည်။ မေလ ၇ ရက်နေ့တွင် ဒုက္ခသည် အယောက် ၁၀၀ ကျော် ကာမိုင်းမြို့ပေါ်သို့ ရောက်ရှိခဲ့သည်။ လွတ်မြောက်လာသော စစ်ရှောင်ပြည်သူများအား မြန်မာ့တပ်မတော်မှ စစ်ရှောင်စခန်းများတွင် မနေရန် တားမြစ်မှုကြောင့် ကားမိုင်းမြို့ပေါ်ရှိ အသိမိတ်ဆွေများ၏ နေအိမ်များ၌ ခိုလှုံခဲ့ရသည်။ (KachinWaves) (Irrawaddy) (KachinWaves) (Irrawaddy) (BBC) (7day) (DVB) (RFA) (MyitKyiNaNews) (DVB) (DVB)

မေလ ၈ ရက်နေ့ ညနေပိုင်းတွင် တနိုင်းမြို့၊ အောင်လော့ဒ် ကျေးရွာမှ စစ်ဘေးဒုက္ခသည် ၁၂၂ ယောက် လွတ်မြောက်ခဲ့သည်။ သို့သော် တောထဲတွင် ကလေးမွေးဖွားခဲ့သော မိခင်နှစ်ဦးနှင့် သက်ကြီးရွယ်အိုများ အမြောက်အမြားမှာမူ ပိတ်မိနေဆဲဖြစ်သည်။ (KachinWaves)

မေလ ၉ ရက်နေ့တွင် ကချင်ပြည်နယ် တနိုင်းမြို့ အောင်လော့ဒ် ကျေးရွာသား စစ်ဘေးဒုက္ခသည်များထဲမှ စစ်ရှောင် ၅၆၀ ခန့် ထပ်မံလွတ်မြောက်ခဲ့သည်။ (Irrawaddy) (BBC) (Kachinwave)

- **ရှမ်းပြည်နယ်**

မေလ ၄ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ် မိုင်းယင်ကျေးရွာအုပ်စု (ရွာမ) အရှေ့မြောက်ဘက်ရှိ ဝမ့်ဆာအွန်နား၌ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) နှင့် တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA) တို့ ဖြစ်ပွားခဲ့သော တိုက်ပွဲကြောင့် ဒေသခံ ၅၀၀ ကျော် ထွက်ပြေး တိမ်းရှောင်ခဲ့ရသည်။ (ShanNews) (Taifreedom) (ShanNews) (BBC) (Mizzima) (Irrawaddy) (Irrawaddy) (7day)

- **ကရင်ပြည်နယ်**

ထိုင်း-မြန်မာနယ်စပ် ဒုက္ခသည်စခန်းတွေမှာ နေထိုင်နေသည့် ဒုက္ခသည် ၁၀၀ ကျော်ခန့်သည် မေလ ၆ ရက်နေ့တွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးများရုံးက တဆင့် နေရပ်ပြန်ရန် လျှောက်ထားခဲ့ပြီး မေလ ၇ ရက်နေ့မှ စတင်၍ မြဝတီနယ်စပ်ဂိတ်ကနေတဆင့် ပြည်တွင်းကို ပြန်လည် ဝင်ရောက်ခဲ့သည်။ ဒုက္ခသည်များသည် ထိုင်း-မြန်မာနယ်စပ်က မယ်လ၊ နို့ဖိုး၊ အုန်းဖျန်း၊ မိုင်နန်းစွယ်နဲ့ ဘမ့်ဒုံယမ်း ဒုက္ခသည် စခန်းများမှ ဖြစ်ပြီး အရင်နေထိုင်ခဲ့သည့် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနဲ့ ပဲခူးတိုင်းတို့ကို ပြန်ခဲ့ကြသည်။ (RFA) (MOI) (BBC) (VOA) (KIC) (BBC) (VOA)

## လူ့အခွင့်အရေးချိုးဖောက်မှု

မေလ ၁ ရက်နေ့ ည ၉ နာရီ အချိန်ခန့်တွင် မြန်မာ့ တပ်မတော် တပ်မ-၇၇ မှ ကျောက်မဲမြို့နယ်အတွင်းရှိ လွိုင်ကောင်းမူခမ်းသို့ ပွိုင့်ထိုးလမ်းပြအဖြစ် အသုံးပြုရန်အတွက် တော့ဆန်ကျေးရွာနေ လုံးဘကျော် အသက် ၅၅ နှစ်အား ပေါ်တာဆွဲခဲ့ပြီး လမ်းခုလတ်တွင် နင်းမိုင်းထိမိသဖြင့် ဒေသခံ တဦးနှင့် မြန်မာ့တပ်မတော် မှ စစ်သား ၃ ဦး တို့ သေဆုံးခဲသည်။ (Taifreedom)

မေလ ၂ ရက်နေ့တွင် ကချင်ပြည်နယ် နမ္မတီးမြို့ရှိ ဒေသခံ အမျိုးသား ၄ ဦးအား မြန်မာ့တပ်မတော်မှ ဖမ်းဆီးခဲ့ပြီး ၂ ယောက်အား လက်ပြန်ကြိုးတုပ်၍ စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ခဲ့သည်ဟု Kachin Waves သတင်းဌာနမှ ဖော်ပြခဲ့သည်။ (KachinWave)

ကချင်ပြည်နယ် တနိုင်းမြို့နယ် အောင်လော့ဒ်ဒေသသို့ စစ်ရှောင် မိသားစုများအား အိမ်ထောင်စုစာရင်း ကောက်ယူရန်နှင့် ကူညီထောက်ပံ့ရန် သွားရောက်သည့် အစိုးရဝန်ထမ်း၊ လူမှုရေးအဖွဲ့များပါဝင်သည့် ယာဉ်တန်းအား မေလ ၅ ရက်က လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်းများ ခံခဲ့ရသည်။ (Irrawaddy)

မေလ ၆ ရက်နေ့တွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) မှ ကျေးသီးမြို့နယ် မိုင်းနောင်မြို့နယ်ခွဲရှိ မိုင်းယိုင်အုပ်စု ပန်ထွန်ရွာခံတစ်ဦးကို လွယ်တိုင်လျှံသို့ အစည်းဝေးသွားရန် ကိုယ်စားလှယ်တစ်ဦးခေါ်ယူပြီး ကျေးရွာဒေသခံများမသွားရဲဘဲ ရွာလုံးကျွတ်ထွက်ပြေးစဉ် RCSS စစ်ကြောင်းများ ရွာအတွင်းဝင်ရောက်ကာ အမျိုးသမီးတစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်ဟု Marnagar လူမွန်ကွန်ယက် သတင်းဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။ (Marnagar)

၂၀၁၈ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် စစ်လက်နက်အပြည့်အစုံကိုင်ဆောင်ထားသည့် TNLA နှင့် KIA ပူးပေါင်းအဖွဲ့မှ အင်အား ၁၀ ဦးခန့်သည် မိုင်းဝီးကျေးရွာ အုပ်စုအတွင်းသို့ လှုပ်ရှားကာ အကြောင်းရင်းမသိရှိရဘဲ အပြစ်မဲ့ ပန်ဟန်ရွာသား ၁ ဦးအား သေနတ်ဖြင့်ပစ်သတ်ခဲ့ရာ အဆိုပါရွာသားသည် နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးခဲ့ပြီး ၅ ဦးအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း မေလ ၇ ရက်နေ့တွင် RCSS ပိုင် သတင်းဌာန ဖြစ်သော Taifreedom မှ သတင်းဖော်ပြခဲ့သည်။ (Taifreedom)

မေလ ၉ ရက်နေ့ နံနက်ပိုင်းတွင် သီပေါမြို့နယ် ကုန်းသာကျေးရွာ၌ နေထိုင်သည့် ဒေသခံ စိုင်းကျော်ဦး ကို အမည်မသိ လက်နက်ကိုင်လူတစုမှ ပစ်ခတ်ရာ ခြေထောက်တွင် ဒဏ်ရာရခဲ့ကြောင်း နယ်စည်းမခြား ပရဟိတ အဖွဲ့မှ ကိုမျိုးမှ ပြောခဲ့သည်။ (ShanNew)

## မြေမြှုပ်မိုင်း

- **သေဆုံး**

မေလ ၇ ရက်နေ့တွင် ရှမ်းပြည်မြောက်ပိုင်း၊ နမ္မတူမြို့နယ်၊ နားဆိုင်းကျေးရွာ၌ တိုက်ပွဲဖြစ်ပွားခဲ့စဉ် မပေါက်ကွဲခဲ့သော လက်နက်ကြီးအား ကလေးတဦးမှ သွားရောက်ဆော့ကစားမိသဖြင့် ပေါက်ကွဲခဲ့သည်။ အဆိုပါ ပေါက်ကွဲမှုကြောင့် ကလေး ၁ ဦး သေဆုံးခဲ့ပြီး ၂ ဦး ဒဏ်ရာရရှိခဲ့သည်။ (DVB) (ShanNews)

- **ဒဏ်ရာရ**

မေလ ၂ ရက်နေ့ နေ့လည်ပိုင်းတွင် ဖားကန့်မြို့နယ်၊ ဘောဇောကြီးကျေးရွာအနီး ခန့်မှန်း(KJ-385540)၌ မောင်ဂျေလီဂူ(၁၃)နှစ်နှင့် မောင်ဂျေလီဆာ (၉)နှစ်တို့ ၂ ဦးသည် တောင်ယာ မီးရှို့ရန်သွားရောက်ရာ မိုင်းနင်းမိ၍ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ပြီး ဖားကန့်ပြည်သူ့ဆေးရုံမှ တဆင့် မြစ်ကြီးနား ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ (Popular)

မေလ ၃ ရက်နေ့၊ နံနက် ၉ နာရီတွင် ကချင်ပြည်နယ်၊ တနိုင်းမြို့၊ မိုင်ခွန်ကျေးရွာနေ ဒေသခံနှစ်ဦးသည် တောင်ယာလုပ်ကိုင်ရန် ကျေးရွာအပြင်ဘက်သို့သွားစဉ် တိုက်မိုင်းတစ်လုံးအား တိုက်မိပေါက်ကွဲခဲ့သဖြင့် ၎င်းတို့နှစ်ဦးတွင် မိုင်းစထိမှန် ဒဏ်ရာများ ရရှိခဲ့ပြီး တနိုင်းမြို့ရှိ ပြည်သူ့ဆေးရုံသို့ တက်ရောက် ဆေးကုသမှု ခံယူခဲ့ရသည်။ (Military)

မေလ ၁၀ ရက် နေ့လည် ၂ နာရီခန့်တွင် ကချင်ပြည်နယ်၊ နမ္မတီးမြို့၊ လမ်းခွကျေး ရွာနေ ဒေသခံတစ်ဦးသည် နမ်းခမ်းခ ရေအားလျှပ်စစ်စက်ရုံဝန်းကျင်အနီး နွားပျောက်ရှာဖွေစဉ် စက်ရုံ၏တောင်ဘက် ၁ မိုင်ခန့်အကွာသို့အရောက်၌ ထောင်ထားသည့် နင်းမိုင်းတစ်လုံးအား နင်းမိပေါက်ကွဲပြီး မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။ (Military) (TheLadies)

## တွေ့ဆုံဆွေးနွေးမှု

မေလ ၁ ရက်နေ့၊ ၂ ရက်နေ့တွင် ဝမ်ဟိုင်း၌ အစိုးရငြိမ်းချမ်းရေး ကော်မရှင် (PC) နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ/ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) တို့ တွေ့ဆုံခဲ့ပြီး ဆွေးနွေးပွဲတွင် SSPP အနေဖြင့်NCA ကို ဆန့်ကျင်ခြင်းမရှိဘဲ အတူတကွ လက်မှတ်ထိုးနိုင်ရေး ဆက်လက် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း နှင့် နိုင်ငံရေး ပြဿနာများ ကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရန်၊ စစ်ရေးနည်းလမ်းများကို တတ်နိုင်သမျှ လျှော့ချပြီး နိုင်ငံရေးနည်းလမ်းများ ဆက်လက်တိုး ချဲ့ဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရန် ဒေသခံပြည်သူများလိုအပ်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရန် စသည့်အချက်များ သဘောတူညီမှုရရှိခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲသို့ ငြိမ်းချမ်းရေးကော်မရှင်နှင့် SSPP ခေါင်းဆောင်များ တွေ့ဆုံနိုင်ရေး အကျိုးဆောင်ပေးသော ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (SNDP) ဥက္ကဋ္ဌဦးစိုင်းအိုက် ပေါင်းလည်း လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။ (Marnagar) (7day) (ShanNews) (RFA) (Popular)

## အစည်းအဝေးများ

- **UPDJC**

**မေလ ၁ ရက်နေ့တွင် မွန်ပြည်ပါတီမှ နိုင်ဟံသာ ဦးဆောင်ပြီး၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ ဒုဥက္ကဋ္ဌ နိုင်ချမ်းဘွဲ့၊ မွန်အမျိုးသားပါတီ ဥက္ကဋ္ဌ နိုင်ငွေသိန်းတို့ ပါဝင်သော မွန်အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ ဦးဆောင်ကော်မတီ တခုအား ဖွဲ့စည်းခဲ့သည်။** (BBC)

မွန်လူမျိုးအလိုက် အမျိုးသားဆင့် နိုင်ငံရေးဆွေးနွေးပွဲကို မွန်ပြည်နယ်၊ ရေးမြို့တွင် မေလ ၅ ရက်နေ့မှ မေ ၇ ရက်နေ့အထိ ပြုလုပ်လျက်ရှိပြီး ဆွေးနွေးပွဲတွင် နိုင်ငံရေး ကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍနှင့် မြေယာနှင့် သဘာဝသယံဇာတကဏ္ဍတို့ကို ဆွေးနွေးခဲ့သည်။ အခမ်းအနား၌ အမျိုးသားအဆင့် ပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ထေးမွန်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစိုးရအစုအဖွဲ့မှ အတွင်းရေးမှူး ဦးခင်ဇော်ဦး၊ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့မှ အတွင်းရေးမှူး အဖွဲ့ဝင် ခွန်မြင့်ထွန်း၊ နိုင်ငံရေးပါတီ အစုအဖွဲ့မှ စောထွန်းအောင်မြင့်၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ ဗဟိုကော်မတီဝင် နိုင်ကျန်ရစ်၊ မွန်အမျိုးသားပါတီ ဒုဥက္ကဋ္ဌ နိုင်ငွေသိန်းတို့က အမှာစကားပြောခဲ့သည်။ မွန်လူမျိုးအလိုက် နိုင်ငံရေးဆွေးနွေးပွဲအတွက် အမျိုးသား ပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန(NRPC)၊ ငြိမ်းချမ်းရေးကော် မရှင်(PC)၊ ပြည်ထောင်စုငြိမ်းချမ်းရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (UPDJC)၊ ပြည်နယ်အဆင့် အရပ်သားပစ်ခတ်မှု စောင့်ကြည့်ရေးကော်မတီ ( JMC-S)၊ မွန်ပြည်နယ် အစိုးရအဖွဲ့၊ တိုင်းရင်းသားလက်နက် ကိုင်များ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ (CSO)များအပါအဝင် ပါဝင်သင့် ပါဝင်ထိုက်သူ စုစုပေါင်းကိုယ်စားလှယ် ၅၀၀ ခန့် ဖိတ်ကြားခဲ့သည်။ (Irrawaddy) (7day) (Popular) (mmtime) (MonNews) (HinThar) (HinThar) (HinThar)

- **NCA EAOs**

မေလ ၉ ရက် နှင့် ၁၀ ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင်အပစ်ရပ် အဖွဲ့များဖြင့် ဖွဲ့စည်းထားသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ၏ ၁၉ ကြိမ်မြောက် အစည်းအဝေးပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် တစ်ဆို့နေသည့် နိုင်ငံရေး ဆိုင်ရာမူဝါဒနှင့် လုံခြုံရေးဆိုင်ရာမူဝါဒများနှင့် ပတ်သက်၍ အစိုးရနှင့် ဒုတိယအကြိမ် အလွတ်သဘော တွေ့ဆုံဆွေးနွေးနိုင်ရန် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ PPST မှ ကော်မတီသစ် တစ်ရပ်ကို ပြောင်းလဲဖွဲ့စည်း လိုက်သည်။ **"နိုင်ငံရေးကဏ္ဍဆိုင်ရာ အလွတ်သဘောတွေ့ဆုံဆွေးနွေးရေးအဖွဲ့ကို ကျွန်တော်တို့ ၉ ဦးနဲ့ ပြန်ဖွဲ့တယ်။ ဒီ ၉ ဦးမှာ အဖွဲ့ခေါင်းဆောင်အနေနဲ့ ပဒိုကွယ်ထူးဝင်း ဒါပေမယ့် လက်ရှိအခြေအနေအရ ပဒိုကွယ်ထူးဝင်းက ဒု-ဥက္ကဋ္ဌ KNU ဖြစ်တဲ့အတွက် တပ်ဖွဲ့ထဲမှာ အရေးကြီးတဲ့ လုပ်ငန်းတွေ ရှိနေတဲ့အတွက် အခုလောလောဆယ်မှာတော့ ကျနော်တို့ အဖွဲ့ခေါင်းဆောင်အနေနဲ့ KNU ရဲ့ အထွေထွေ အတွင်းရေးမှူးပေါ့ ပဒိုစောတာဒိုမူးကို ကျနော်တို့ အဖွဲ့ ခေါင်း ဆောင်အနေဖြင့် တာဝန်ပေးပါတယ်"** PPST ပြောရေးဆိုခွင့်ရှိသူ ဦးသံခဲမှ ပြောခဲ့သည်။ (Irrawaddy) (NMG) (NMG) (7Day) (NMG) (7Day) (TaiFreedom)

## ဆန္ဒထုတ်ဖေါ်မှုများ

မေလ ၂ ရက်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ လှည်းတန်းစင်တာရှေ့၌ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (ABFSU) နှင့် လူ့ဘောင်သစ်လူငယ် (YNS) တို့မှ ကချင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော တိုက်ပွဲများအတွင်း ပိတ်မိပြည်သူများ လွတ်မြောက်ရေးအတွက် ဆန္ဒပြ တောင်းဆိုမှုများ ပြုလုပ်ခဲ့သည်။ (DVB) (MyanmarNow) (7day)

မေလ ၂ ရက်နေ့ ညနေပိုင်းတွင် ဂျပန်နိုင်ငံရောက် မြန်မာ အယောက် ၂၀၀ စုပေါင်း၍ တိုကျိုမြို့ရှိ မြန်မာသံရုံးရှေ့တွင် ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသော စစ်ပွဲများအတွင် ပိတ်မိနေသော စစ်ရှောင်ပြည်သူများအား အမြန်ဆုံးလွတ်မြောက်အောင် ဆောင်ရွက်ပေးရန် ဆန္ဒပြတောင်းဆိုမှုများ ပြုလုပ်ခဲ့သည်။ (DVB)

မေလ ၂ ရက်နေ့ နံနက် ၅ နာရီမှ စတင်ခဲ့ပြီး မြစ်ကြီးနားမြို့ ဆွမ်ပရာဘွမ်လမ်း၊ ကချင်ပြည်နယ် ဆောက်လုပ်ရေးဝန်ကြီးဌာနရုံးရှေ့ မှာ ကချင်လူငယ်ထုမှ ဦးဆောင်သည့် ပိတ်မိစစ်ဘေး ဒုက္ခသည်များလွတ်မြောက်ရေး ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်သည့် သပိတ်စခန်းဖွင့်လှစ်ခဲ့သည်။ တိုက်ပွဲကြား ပိတ်မိပြည်သူများ လွတ်မြောက်လာနိုင်ရေးအတွက် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖေါ်ခြင်းကို မဖြစ်မနေလုပ်ဆောင်ရခြင်းဖြစ်သည်ဟု ကချင်လူငယ်သပိတ်စခန်း ဖြစ်မြောက်ရေးကော်မတီမှ ဦးဆောင်သူတစ်ဦး ဦးလွမ်းဇောင်းက ပြောခဲ့သည်။ (KachinWave) (MyintKyiNaNews)

ကချင်ပြည်နယ် တိုက်ပွဲများအတွင်း ပိတ်မိနေသည့် အရပ်သားတွေ ကယ်ထုတ်ရေး အတွက် မြစ်ကြီးနားမြို့ပေါ် တောင်းဆို ဆန္ဒပြနေကြသည့် လူငယ်များနှင့် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်တို့ မေလ ၃ ရက်နေ့ ဆွေးနွေးခဲ့သော်လည်း အဖြေမထွက်ခဲ့ပါ။ (BBC) (RFA) (MyitKyiNaNews) (DVB)

မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့ ဖြစ်ပွားခဲ့သော တိုက်ပွဲများအကြား ပိတ်မိနေသည့် စစ်ဘေးဒုက္ခသည်များအား ကယ်ဆယ်ရန် အတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်ပြီး ဘာသာရေးအဖွဲ့ ခေါင်းဆောင်များနှင့် လူငယ်များ သဘောတူညီချက်ရခဲ့သည်။ (RFA)
မေလ ၄ ရက်နေ့ ညနေပိုင်းတွင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ (ABFSU) နှင့် လူ့ဘောင်သစ်လူငယ် (YNS) နှင့် ရန်ကုန်မြို့နေ ကချင်လူငယ်များ ပူးပေါင်း ပါဝင်ပြီး ကချင်ဒေသတွင်းပိတ်မိနေသော စစ်ရှောင်များအတွက် စမ်းချောင်းမြို့နယ်ကျွန်းတောလမ်းတစ်လျောက်နဲ့ ဟံသာဝတီလမ်းဆုံမှ မြေနီကုန်း မီးပွိုင့်အထိ လမ်းလျောက်ကာ အလှူခံမှုများ ပြုလုပ်ခဲ့ပြီး ဒေသအာဏာပိုင်များမှ ဖိအားပေးတားဆီးမှုများ ပြုလုပ်ခဲ့သည်။ (Mizzima) (Popular)
မေလ ၅ ရက်နေ့တွင် အမေရိကန်နိုင်ငံ အနောက်ဘက်ခြမ်း ဆန်ဖရန်စစ္စကိုမြို့ Union Square ၌ ကချင်မိသားစုများက ဆုတောင်းပွဲ ပြုလုပ်ခဲ့ပြီး ပိတ်မိပြည်သူများအား ကယ်တင်နိုင်ရေးအတွက် တာဝန်ရှိသူများကို တောင်းဆိုခဲ့သည်။ ဆုတောင်းပွဲနဲ့ ဆန္ဒထုတ်ဖော်ပွဲကို တက်ရောက်သူ ၄၀ ခန့်ရှိပြီး ကချင်သင်းအုပ်ဆရာနဲ့ အတူ ကချင် တိုင်းရင်းသား အများစုနှင့် တခြားတိုင်းရင်းသားများ၊ အမေရိကနိုင်ငံသားများလည်း ပါဝင်ခဲ့သည်။ (RFA) (VOA)

မေလ ၅ ရက်နေ့တွင် မြေနီကုန်း၌ ကချင်ပြည်နယ်အတွင်းတိုက်ပွဲအတွင်း ပိတ်မိနေသော စစ်ရှောင်ပြည်သူများအား အမြန်ဆုံးလွတ်မြောက်နိုင်ရန်အတွက် ဗမာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများသမဂ္ဂ၊ လူ့ဘောင်သစ်လူငယ်၊ ကချင်လူငယ် အဖွဲ့အစည်းများပါဝင်သော အင်အား ၅၀ ခန့်ဖြင့် ဖယောင်းတိုင်ထွန်းခြင်း၊ ငြိမ်းချမ်းရေး သီချင်းများ သီဆိုခြင်းတို့ကို ပြုလုပ်ခဲ့သည်။ (Popular)

ကချင်ပြည်နယ်မှ စစ်ဘေးရှောင်များအတွက် မလေးရှားရောက် ကချင်လူငယ်များမှ စုပေါင်းပြီး ဆုတောင်းခြင်းနှင့် ဆန္ဒထုတ်ဖော်ခြင်း အစီအစဉ် ကိုမေလ ၅ ရက်နေ့ ည ၁၁ နာရီ မှ နံနက် ၁ း ၃၀ အထိ မလေးရှား ကွာလာလမ်ပူတွင် ပြုလုပ်ခဲ့သည်။ (MyitKyiNaNews)

မေလ ၆ ရက်နေ့တွင် မန္တလေးမြို့၊ ချမ်းအေးသာဇံ မြို့နယ်၌ မန္တလေးမှ တက်ကြွလှုပ်ရှားသူများမှ ကချင်ပြည်နယ်အတွင်းဖြစ်ပွားနေသော တိုက်ပွဲများ အကြား ပိတ်မိနေ သည့် စစ်ဘေးရှောင်များ အမြန်ဆုံးလွတ်မြောက်စေရန်အတွက် ဆန္ဒပြတောင်းဆိုမှုများပြုလုပ်ခဲ့သည်။ ဆန္ဒပြပွဲအတွင်း၌ ပါဝင်ခဲ့သော ကိုအောင်မှိုင်းဆန်း၊ ကိုစိုးမိုး အောင်နှင့် ကိုကလင့် တို့ ပုဒ်မ ၁၉ ငြိမ်းစုစီ ဥပဒေဖြင့် တရား စွဲဆိုခံခဲ့ရသည်။ (7day) (Popular) (NAB) (Irrawaddy)

မေလ ၆ ရက်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ မော်တင်မှ စ၍ မဟာဗန္ဓုလပန်းခြံထိ ဗကသများအဖွဲ့ချုပ်နဲ့ လူ့ဘောင်သစ်လူငယ်များ ဦးဆောင်ပြီး ကချင်ပြည်နယ်က တိုက်ပွဲကြား ပိတ်မိနေသည့် စစ်ဘေးဒုက္ခသည်များ လွတ်မြောက်ရေးနှင့် တိုက်ပွဲများ ရပ်တန့်ရေးအတွက် ငြိမ်းချမ်းရေးလှုပ်ရှားမှု ဆန္ဒပြလမ်းလျှောက်ပွဲကို ပြုလုပ်ခဲ့သည်။ အဆိုပါ လမ်းလျောက် ဆန္ဒပြပွဲများနှင့် ပတ်သတ်၍ ဗကသများ အဖွဲ့ချုပ်မှ ကိုကောင်းထက်ကျော်၊ ကိုဇေယျ၊ လူ့ဘောင်သစ်လူငယ်မှ ကိုရဲအောင်အေးနှင့် မျိုးဆော့တို့ အား သက်ဆိုင်ရာ အာဏာပိုင်များမှ ပုဒ်မ ၁၉ ဖြင့် တရားစွဲဆိုခဲ့သည်။ (RFA) (mmtime)

မေလ ၆ ရက်နေ့ ညနေ၄ နာရီခန့်တွင် ပဲခူး-မဇင်းရပ် ကျွန်းသာယာတံတားထိပ်မှ "ကချင်ပြည်နယ် စစ်ပွဲများအတွင်း ပိတ်မနေသော အပြစ်မဲ့ပြည်သူများ လွတ်မြောက်နိုင်ရေး" အတွက် ငြိမ်းချမ်းရေးလူထုလှုပ်ရှားမှုတစ်ခုပြုလုပ်ခဲ့သည်။ (Popular)

မေလ ၆ ရက်နေ့ ပြည်မြို့ ဗိုလ်ချုပ်အောင်ဆန်းကျေးရုပ် အဝိုင်းပတ်နေရာတွင် ကချင်ပြည်နယ်အတွင်း ပိတ်မိနေသော စစ်ဘေးရှောင်ပြည်သူများ လွတ်မြောက်ရေး အတွက် ငြိမ်းချမ်းရေး ဆန္ဒပြပွဲပြုလုပ်ခဲ့သည်။ (7day)
ကချင်ပြည်နယ်တွင်ဖြစ်ပွားနေသော စစ်ပွဲများကြောင့် ပိတ်နေသည့် ဒေသခံ စစ်ရှောင်ပြည်သူများ အမြန်ဆုံးလွတ်မြောက်အောင် ဆောင်ရွက်ပေးနိုင်ရန်အတွက် မေလ ၆ ရက် ညနေ ၄ နာရီခန့်တွင် တောင်ကြီးမြို့ စူဠာမုနိ ဘုရားတွင် ရှမ်းပြည်နယ်တောင်ပိုင်းမှာရှိသည့် တိုင်းရင်းသားတွေအားလုံး စုပေါင်းပြီး ဆုတောင်းပွဲပြုလုပ်ခဲ့သည်။ (7day)

မေလ ၆ ရက်နေ့တွင် မကွေးတိုင်း အောင်လံမြို့၌ ငြိမ်းချမ်းပါစေ ဗမာပြည်ခေါင်းစဉ်ဖြင့် လက်ကမ်းစာစောင်ဖြန့်ဝေသည့် လှုပ်ရှားမှု တခု ပြုလုပ်ခဲ့သည်။ (7day)

ကချင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော စစ်ပွဲကြောင့် ပိတ်မိနေသော ပြည်သူများ လွတ်မြောက်ရေး အတွက် ဗန်းမော်မြို့တွင်နေထိုင်သော စစ်ရှောင် ပြည်သူများနှင့် ဒေသခံပြည်သူ နှစ်ထောင်ကျော်က မေလ ၇ ရက်နေ့တွင် ဆန္ဒထုတ်ဖော်ခဲ့သည်။ (MyitKyiNaNews)

မေလ ၇ ရက်နေ့တွင် ကချင်စစ်ဘေးရှောင်ပြည်သူများ အမြန်ဆုံးလွတ်မြောက်ရေးအတွက် မန္တလေးကျုံးဘေး၌ မန္တလေးတိုင်းရှိ ဗကသများအဖွဲ့ချုပ်အဖွဲ့ဝင် သမဂ္ဂများမှ ဖယောင်းတိုင် ထွန်းညှိ ဆုတောင်းပွဲ ပြုလုပ်ခဲ့သည်။ (DVB)

မေလ ၉ ရက်နေ့တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ် တရားရုံးမှ ပိတ်မိစစ်ရှောင်များ လွတ်မြောက်ရေး မြစ်ကြီးနားမြို့တွင် ဆန္ဒထုတ်ဖော်သည့်ကချင် လူငယ်အဖွဲ့ ဦးဆောင်သူ ကိုလွမ်းဇောင်းနှင့် မဆွတ်ဆိုင်းထွယ်တို့ နှစ်ဦးကိုဒဏ်ငွေကျပ် သုံးသောင်းစီ ပြစ်ဒဏ်ချမှတ်ကြောင်းမဆွတ် ဆိုင်းထွယ်မှ ပြောခဲ့သည်။ (7Day) (MyitkyinaNew) (Kachinwave)

ကချင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော စစ်ဘေးသင့်ပြည်သူများအား အမြန်ဆုံးကယ်တင်ပေးရန်အတွက် ဆန္ဒပြခဲ့သည့် ကိုမေတ္တာဦးနှင့် ကိုမျိုးသူထွဋ်တို့အား အောင်လံမြို့မ ရဲစခန်းမှ ဖမ်းဆီးခဲ့ပြီး ပုဒ်မ ၁၉ ဖြင့် အမှုဖွင့်ခဲ့သည်။ အာမခံဖြင့် ပြန်လည် လွှတ်ပေးခဲ့သည်။ (DVB)

မေလ ၁၂ ရက်နေ့ ညနေ ၅နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ တာမွေဂုံးတံတားမှစတင်၍ ဆူးလေမြို့ တော်ခန်းမရှေ့ထိ ချီတက်မည့် ငြိမ်းချမ်းရေး လူထုလှုပ်ရှားမှု လူထုချီတက်ဆန္ဒပြပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အရပ်ဝတ် လုံခြုံရေး ယူထားသော ထောက်လှမ်းရေးများနှင့် အာဏာပိုင်မဟုတ်သော အရပ်ဝတ်များမှပါ

ဝင်ရောက်ပြီး ဆန္ဒပြသူ (၉) ဦးအား ပိုင်းဝန်း၍ ရိုက်နက်ဖမ်းဆီးခဲ့ပြီး ဗဟန်းမြို့မရဲစခန်းမှ ငြိမ်းစုစီဉပဒေပုဒ်မ ၂၀နှင့် တရားစွဲဆိုခဲ့သည်။ (VOA) (BBC) (DVB) (Popular) (Popular) (Mizzima)

## နီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သတင်းစာရှင်းလင်းပွဲများ

- **EAOs**

မေလ ၉ ရက်နေ့တွင် ကချင်ပြည်နယ်ဖားအံမြို့၌ ကရင်နီ(ကယား)ကိုယ်စားလှယ်အဖွဲ့မှ ကရင်အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ ကျင်းပရေးကော်မတီ (KNDCC)နှင့် တွေ့ဆုံကာ လက်ရှိ ကရင်အမျိုးသားတို့၏ နိုင်ငံရေးလှုပ်ရှား ကြိုးပမ်းမှု ဖြစ်စဉ်အား လာရောက်လေ့လာပြီး အမြင်သဘောထားများဆွေးနွေးဖလှယ်ခဲ့သည်။ " **ပြည်ထောင်စု ညီလာခံကြီးမှာ တင်မယ့်စာတမ်းတွေ မူတွေက ကရင်က တစ်မျိုး၊ ကရင်နီ၊ မွန် တစ်ဖွဲ့တစ်မျိုးဖြစ်ရင် အခက်အခဲရှိနိုင်တယ်။ ကျနော်တို့ ဖက်ဒရယ်သွားရင် ကိုယ့်နယ်မြေ ဒေသအလိုက်ပဲ ဖြစ်စေ၊ သမိုင်းအချက် အလက် တွေဖြစ်စေ ကွာခြားတဲ့ အချို့ အချက်အလက်တွေကလွဲပြီး တကယ့် အခြေခံကျောရိုးတွေက ကွဲလွဲမှုမရှိဘူး။ ဒါကို အပြန် အလှန်ဖလှယ်ဖို့ လုပ်ဖို့ လိုမယ်။ ပြီးတော့ ဆွေးနွေးချက်တွေ ပိုအားကောင်းအောင် တစ်ဖွဲ့ လိုအပ်ချက်ကို တစ်ဖွဲ့ ထောက်ပြ ခြင်းအားဖြင့် ပိုပြီး ကောင်း အောင် လုပ်ဆောင်နိုင်မယ်လို့ ယူဆချက်နဲ့ တွေ့ဆုံဆွေးနွေးတဲ့ အဓိက ရည်ရွယ်ချက်ပါတယ်** " ဟုကရင်နီ အမျိုးသား တိုးတက်ရေးပါတီ (KNPP) အထွေထွေ အတွင်းရေးမှူး ရွှေမျိုးသန့်မှပြောခဲ့သည်။ (KIC)

- **JMC**

မေလ ၇ ရက်နေ့တွင် ရန်ကုန်မြို့၊ ရွှေလီလမ်းရှိ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ အစည်းအဝေးခန်းမ၌ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အဆင့်ဆင့်မှ အတွင်းရေးမှူးများ တွေ့ဆုံပြီး JMC ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို အသေးစိတ် ဆွေးနွေးညှိနှိုင်းခဲ့သည်။ (JMC)

မေလ ၈ ရက်နေ့မှ ၉ ရက်နေ့အထိ ရန်ကုန်မြို့ Lotte Hotel ၌ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အဆင့်ဆင့်၏ ဒုတိယအကြိမ်မြောက် မျက်မှာစုံညီအစည်းအဝေးကို ပြုလုပ်ခဲ့သည်။ (Taifreedom) (Mizzima) (Irrawaddy) (JMC) (MOI)

မေလ ၉ ရက်နေ့တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အဆင့်ဆင့်၏ ဒုတိယ အကြိမ် မျက်နှာစုံညီ အစည်းအဝေးကို ရန်ကုန်မြို့၌ ပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်နှင့် ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ အသီးသီးမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ JMC အဆင့်ဆင့်၏ နည်းပညာအထောက်အကူပြုရုံး အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အဆင့်ဆင့်ကို ပြည်ထောင်စုအဆင့်တွင် (JMC-U)၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် (JMC-S)၊ ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးနှင့် ကရင်ပြည်နယ် ဖာပွန်တို့တွင် (JMC-L) ဟူ၍ အသီးသီး ဖွဲ့စည်းထားရှိခဲ့သည်။ (JMC) (JMC)

မေလ ၁၀ ရက်နေ့မှ စတင်၍ ရန်ကုန်မြို့၊ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ အစည်းအဝေးခန်းမတွင် (JMC-U) ၏ (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့ JMC-U အဖွဲ့ဝင်များ ဖြစ်ကြသော အစိုးရကိုယ်စားလှယ်များ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အများယုံကြည်လေးစားသည့် အရပ်သား ကိုယ်စားလှယ်များ စသည့်အစုအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်လျက်ရှိပါသည်။ အစည်းအဝေးတွင် ယခင် (၁၅) ကြိမ်မြောက် အစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်နှင့် မှတ်တမ်းများအား အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများ၊ JMC အဆင့်ဆင့်၏ အတွင်းရေးမှူးများ တွေ့ဆုံပွဲမှ ဆွေးနွေးချက်များ၊ JMC အဆင့်ဆင့်တွင် ပါဝင်သော အရပ်သားကိုယ်စားလှယ်များ၏ တတိယအကြိမ် တွေ့ဆုံပွဲမှ ဆွေးနွေးချက်များ၊ ယမန်နေ့က ကျင်းပပြီးစီးခဲ့သည့် ဒုတိယအကြိမ် JMC မျက်နှာစုံညီ အစည်းအဝေး၏ ဆုံးဖြတ်ချက်များ စသည်တို့ကို ဆွေးနွေး အတည်ပြုသွားခဲ့သည်။ (JMC) (BBC)
မေလ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ Lotte Hotel မှာကျင်းပသည့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီ JMC ၏ဒုတိယအကြိမ် မျက်နှာစုံညီအစည်းဝေးကို ပြုလုပ်ခဲ့သည်။ အစည်း အဝေးအပြီးတွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။ သတင်းစာရှင်းလင်းပွဲတွင် ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်၊ KNU တပ်မဟာ ၅ နယ်မြေအတွင်း တပ်မတော်က လမ်းဖောက်လုပ်ရေးလုပ်ငန်းတွေ လုပ်နေတာဟာ ဒေသဖွံ့ဖြိုးရေးအတွက်ဖြစ်ပြီး ကရင်အမျိုးသားအစည်းအရုံး (KNU) နယ်မြေခံတပ်မှူး ပါဝင်သည့်အဖွဲ့ နှင့် မေလထဲမှာ တွေ့ဆုံညှိနှိုင်း သွားမည်ဟု JMC အတွင်း ရေးမှူး ၂ ဗိုလ်မှူးကြီး ဝဏ္ဏအောင်မှပြောခဲ့သည်။ (RFA) (7Day)

## ထုတ်ပြန်ချက်

နိုင်ငံတကာ ကယ်ဆယ်ကူညီရေးအဖွဲ့ (IRC) မှ ဧပြီလ ၃၀ ရက်နေ့တွင် ရိုဟင်ဂျာ ဒုက္ခသည်များအရေးနှင့် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်တွင် စစ်ပွဲအတွင်း ပိတ်မိနေသော စစ်ရှောင်ပြည်သူများအတွက် အထူးပင်စိုးရိမ်ကြောင်း ထုတ်ပြန်ခဲ့ပြီး ပြည်တွင်းမီဒီယာများမှ မေလ ၁ ရက်နေ့တွင် ပြန်လည်ကိုးကား ဖော်ပြခဲ့သည်။ (VOA) (IRC)

ကုလသဂ္ဂ လုံခြုံရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ၄ ရက်ကြာ ခရီးစဉ်၏ နောက်ဆုံးနေ့ဖြစ်သော မေလ ၁ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး တွေ့ဆုံဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့သည်များကို ပြန်လည် ထုတ်ပြန်ကြေညာခဲ့သည်။ ထို့နောက် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တွေ့ဆုံခဲ့ပြီး ဆွေးနွေးခဲ့မှုများအား ပြန်လည်ထုတ်ပြန်ခဲ့သည်။ (SCoffice) (Military)

မေလ ၂ ရက်နေ့တွင် ကချင်ပြည်နယ် အမျိုးသား ဒီမိုကရေစီ အလုပ်အမှုဆောင်အဖွဲ့မှ ပြည်နယ်အစိုးရ ဝန်ကြီးချုပ်ထံသို့ တိုက်ပွဲကြား ပိတ်မိနေသော စစ်ရှောင်ပြည်သူများအား အမြန်ဆုံးလွတ်မြောက်အောင် ဆောင်ရွက်ပေးရန် စာရေးသားတောင်းဆိုခဲ့သည်။ (Popular) (7day)

ကချင်ပြည်နယ်အတွင်း၌ ဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးနေရသည့် ပြည်သူများအား ပြည်နယ်အစိုးရက ကူညီပေးနေသည်ဟု ကချင်ပြည်နယ် အစိုးရအဖွဲ့က မေ ၃ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန် ကြေညာခဲ့သည်။ (Mizzima)

ရိုက်တာသတင်းထောက်နှစ်ဦးအား ဆက်လက်ထိန်းသိမ်း၍ တရားစွဲဆိုထားမှုအတွက် လွှန်စွာစိုးရိမ်ပူပန်လျက်ရှိကြောင်း ဥရောပသမဂ္ဂသံကိုယ်စားလှယ်အဖွဲ့က မေ ၃ ရက်တွင် ကျရောက်သည့် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့၌ သဘောထားထုတ်ပြန်ခဲ့သည်။ (mmtime)

ရိုဟင်ဂျာများအား NVC ကဒ်ထုတ်ပေးခြင်းနှင့် ပတ်သတ်ပြီး ရခိုင်အမျိုးသားပါတီမှ ဤကဲ့သို့ ထုတ်ပေးခြင်းသည် ဥပဒေနှင့် ဆန့်ကျင်နေသည်ဟု ဆိုသော အကြောင်းအရာပါသော ကြေညာချက် တစောင်အား မေလ ၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ (RFA)

KIO ဗဟိုကော်မတီမှ မေလ ၇ ရက်နေ့စွဲဖြင့် "နေရပ်စွန့်ခွာ စစ်ပြေးဒုက္ခသည်များနှင့် ပိတ်ဆို့ခံအရပ်သားများအား လူသားချင်းစာနာမှု အကူအညီပံ့ပိုးပေးနေသော လူမှုရေး အသင်းအဖွဲ့များ၊ ဘာသာရေးအဖွဲ့များနှင့် ပြည်သူများအားပန်ကြားချက်" ထုတ်ပြန်ခဲ့သည်။ (NAB) (DVB)

ကချင်ပြည်နယ်တွင် မြန်မာ့တပ်မတော်နှင့် တိုက်ပွဲတွေဖြစ်ပွားနေသည့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)ကို စစ်ရေး နိုင်ငံရေးအရ ဝန်းရံသွားမည်ဟု မြောက်ပိုင်း မဟာမိတ် အဖွဲ့ဝင်များမှ မေလ ၇ ရက်နေ့ ရက်စွဲဖြင့် ကြေညာချက် ထုတ်ပြန်ခဲ့သည်။ (RFA) (TNLA)

မွန်လူမျိုးများသည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတွင် တစ်တပ်တစ်အားပါဝင်သွားမည်ဖြစ်ပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းမည့် လမ်းပေါ်လျှောက်လှမ်းသွားမည်ဟု မွန်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ နောက်ဆုံးနေ့ ဖြစ်သော မေလ ၇ ရက်နေ့ အစည်းအဝေးပွဲ အပြီးတွင် ကြေညာချက် ထုတ်ပြန်ခဲ့သည်။ (RFA)

ကရင်အမျိုးသား အစည်းအရုံး (KNU) ၏ တပ်မဟာ ၅ နယ်မြေဖြစ်သော ကရင်ပြည်နယ် မူတရော် (ဖာပွန်) ခရိုင် အတွင်း တပ်မတော်မှ တပ်အင်အား ထပ်မံတိုးချဲ့ လှုပ်ရှားမှုနှင့် ပတ်သက်၍ ထပ်မံဖြစ်ပေါ်လာမည့် ပြဿနာနှင့် အကျိုးဆက်များ ကို တပ်မတော်မှ တာဝန်ယူရမည် ဖြစ်ကြောင်း KNUမှ မေလ ၁၀ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။ (Irrawaddy) (KNU) (DVB) (Popular) (KIC)

KNU အဖွဲ့၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ ဗဟိုဌာနချုပ်အမည်ဖြင့် **"မူတရော် (ဖာပွန်)ခရိုင်၊ တပ်မဟာ(၅)ဒေသ အတွင်း တပ်မတော်ဘက်မှ တပ်အင်အား ထပ်မံတိုးချဲ့လှုပ်ရှားမှု နှင့် ပတ် သက်၍ KNU ကရင်အမျိုးသားအစည်းအရုံး၏ သဘောထားထုတ်ပြန်ချက်"**ပတ်သတ်၍ တပ်မတော်မှ ကြေညာချက် တစောင် ထုတ်ပြန်ခဲ့သည်။ (Popular) (Military) (Mizzima) (ThLadies)

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့အတွင်းတိုက်ပွဲကြောင့် တရုတ်နိုင်ငံပိုင်နက်ထဲသို့ မြန်မာနိုင်ငံဘက်မှ လူအချို့ ပြေးဝင်လာကြောင်း၊ တိုက်ခိုက်မှုကြောင့်အပြစ်မဲ့ ပြည်သူများ သေဆုံးသွားသူများနှင့် ဒဏ်ရာရရှိသူများအတွက်လည်း ဝမ်းနည်းကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှကြေငြာချက် တစ်စောင်ထုတ်ပြန်ခဲ့သည်။ (BBC) (RFA) (Irrawaddy)

မူဆယ်မြို့နယ်အတွင်း ပစ်ခတ်တိုက်ခိုက်မှု ဖြစ်စဉ်အပေါ် စိုးရိမ်ပူပန်ကြောင်း ကမ္ဘာ့ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်း စာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး၊ ကုလ သမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် မြန်မာနိုင်ငံဌာနေ ကိုယ်စားလှယ် (ယာယီ) မစ္စတာ ခနသ်အာစဘီ၏ သဘောထားထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ (7Day)

မေလ ၁၂ ရက်နေ့ တိုက်ခိုက်မှုသည် မူဆယ်မြို့- နမ့်ခမ်းကားလမ်းမ နမ့်ပေါ်ပန်ခမ်းတံတားအနီး တရုတ်- မြန်မာနယ်စပ်ရှိ ပန်ဆေးပြည်သူ့စစ်ပိုင် လောင်းကစားရုံအား ဝင်ရောက်တိုက်ခိုက်ရခြင်း ဖြစ်သည်ဟု တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA)မှ ကြေငြာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။(TNLA)(FrontierMyanmar)

## သဘောထားမှတ်ချက်

ကချင်ဒေသတွင် ဖြစ်ပွားခဲ့သော တိုက်ပွဲများအတွင်း ပိတ်မိနေသော စစ်ဘေးရှောင်များလွတ်မြောက်ရေးအတွက် အောင်လ အန်ဆိုင်းမှ သက်ဆိုင်ရာ အစိုးရများအား မေလ ၂ ရက်နေ့တွင် တောင်းဆိုခဲ့သည်။ (DVB) (AungLaNSang)

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့နှင့် သီးခြားစီ တွေ့ဆုံခဲ့ရာတွင် မြန်မာနိုင်ငံရှိ အခြေအနေများအားလုံးအား ဆွေးနွေးခဲ့သော်လည်း ကချင်ဒုက္ခသည်များနှင့်ပတ်သတ်၍ တောင်းဆိုမှု ဆွေးနွေးမှု တစုံတရာ မရှိခဲ့အပေါ် ကိုလဝီဝမ်မှ "ကချင်ဒုက္ခသည်တွေကို သူတို့မေ့ထားခဲ့ကြသည်" ဆိုသည့် ခေါင်းစဉ်ဖြင့် အမြင်သဘောထားများ ရေးသားခဲ့သည်။ (Irrawaddy)

ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသော တိုက်ပွဲများကြား ပိတ်မိနေသည့် စစ်ဘေးဒုက္ခသည် နှစ်ထောင်ကျော် လွတ်မြောက်သည်အထိ တောင်းဆိုမှုများ ပြုလုပ်သွားမည်ဟု ဆန္ဒပြပွဲနှင့် သပိတ်စခန်းဦးဆောင်သူများမှ ပြောကြားခဲ့သည်။ (RFA) (MyitkyiNanews)

ကချင်ပြည်နယ်တွင် မြန်မာ့တပ်မတော် နှင့် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) တို့ကြား ဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် အနည်းဆုံး အရပ်သား ၁၀ ဦး သေဆုံး၊ အများအပြား ထိခိုက်ဒဏ်ရာရခဲ့ကြပြီး၊ ထောင်နဲ့ချီသည့် ဒေသခံများ အိုးအိမ်စွန့်ခွာ ထွက်ပြေးနေကြရသည့်အပေါ် အထူးစိုးရိမ်မိကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စ ယန်ဟီးလီက ပြောခဲ့သည်။ (RFA) (VOA)

ဖားကန့်မြို့နယ် ရွှေမော်များရှိသော Lai Nawng Hku ဒေသ တိုက်ပွဲနယ်မြေအတွင်း ပိတ်ဆို့ခံနေရသော စစ်ရှောင်ပြည်သူ ၁၆၀ ကျော် အနက် ဧည့်သည်များ နှင့် ကျောင်းသားများကိုသာ လွှတ်ပေးမှာဖြစ်ပြီး ဒေသခံများကို လွှတ်ပေးမည် မဟုတ်ကြောင်း တပ်မတော် တာဝန်ရှိသူများမှ ပြောခဲ့သည်။ (KachinNews)

ကချင်ပြည်နယ်တွင် ပိတ်မိနေသော စစ်ရှောင်ပြည်သူများအား ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) အဖွဲ့ဝင် ဟုတ်မဟုတ် စီစစ် သွားမည်ဟု ဦးဇော်ဌေးမှ ပြောခဲ့သည်။ (RFA)

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမဦးဆုံးအကြိမ်ကျင်းပသည့် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံဖွင့်ပွဲ အခမ်းအနားကို မေလ ၃ ရက်နေ့၊ နံနက် ၈နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂(MICC-II) ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် အဖွင့်အမှာစကား ပြောကြားခဲ့သည်။ အပြည့်အစုံအား (TheLadies) (SCoffice)

ကချင်ပြည်နယ်အတွင်းတွင် ဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာပြီး တိုက်ပွဲရှောင်နေသူ အရေအတွက်များမှာ မြစ်ကြီးနားမြို့ရှိ ခရစ်ယာန် ဘုရားကျောင်း ၄ ကျောင်းမှာ ၁၅၆၅ဦး၊ ဝိုင်းမော်မြို့ရှိ ချက်ခ်ကျောင်း၃ကျောင်းမှာ ၃၀၁ဦး၊ချီဖွေမြို့တွင် ၂၂၄ဦး၊ နမ္မတီးမြို့တွင် ၈၆၀ဦးနဲ့ မိုးကောင်းမြို့နယ်တွင် ၃၃၆ဦး လာရောက်စစ်ဘေးရှောင်ခဲ့သည်။ အားလုံး စုစုပေါင်းအရေအတွက်မှာ ၃၂၈၆ ဦး ဖြစ်ကြောင်း ကချင်ပြည်နယ် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ပွင့်ရည်စိုးက ပြောခဲ့သည်။ (Popular)
'ဝ'လက်နက်ကိုင်အဖွဲ့ (UWSA) ၊ မိုင်းလားလက်နက်ကိုင် အဖွဲ့(NDAA) တို့နှင့် မေလအ တွင်း တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ငြိမ်းချမ်းရေးကော်မရှင် တာဝန်ရှိသူ တစ်ဦးက မေလ ၃ ရက်တွင် ပြောခဲ့သည်။ (7day)

မွန်ပြည်နယ် ရေးမြို့၌ ပြုလုပ်ခဲ့သော မွန်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ အဖွင့် အမှာစကား ပြောကြားရာတွင် မွန်ပြည်သစ်ဥက္ကဋ္ဌမှ NCA ရေးထိုးပြီးသောအချို့ EAO နှင့် တပ်မတော်ကြား သေနတ်သံကြားနေရဆဲဟု ပြောကြားခဲ့သည်။ (MonNews)

မွန်ပြည်သစ်ပါတီ ဒုဥက္ကဋ္ဌ နိုင်ဟံသာနှင့် လက်ရှိငြိမ်းချမ်းရေးနှင့် ပတ်သတ်သော အမေးအဖြေ အင်တာဗျူး (MonNews)

မေလ ၄ ရက်နေ့တွင် နမ္မတီးမြို့ရှိ ဘာသာရေးကျောင်း ၃ ခုတွင် ခိုလှုံနေသည့် စစ်ဘေးရှောင် ဒုက္ခသည်များထံသို့ အမှတ် (၃) စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ် ဒုတိယစစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး ကျော်ခိုင်ထွန်းသည် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင် အပါအဝင် အစိုးရအဖွဲ့များ၊ မိုးကောင်းမြို့ လွှတ်တော် ကိုယ်စားလှယ်များနှင့်အတူ သွားရောက်စဉ် ဗိုလ်မှူးကြီး ကျော်ခိုင်ထွန်းမှ နမ္မတီးမြို့ရှိ စစ်ဘေးရှောင် ဒုက္ခသည်များအား ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) စခန်းများကို ကျေးရွာများအနီး မဆောက်လုပ်စေပဲ ၁၅ မိုင် ခန့်အကွာ၌သာ ရှိစေရန်အတွက် KIA အား တောင်းဆိုသင့်ကြောင်း ပြောကြားခဲ့သည်။ (Irrawaddy)

ကချင်ပြည်နယ်က စစ်ဘေးသင့်ပြည်သူများအတွက် ခွင့်ပြုချက်မယူဘဲ အလှူငွေကောက်ခံသည့် လှုပ်ရှားမှုပြုလုပ်ခဲ့သူများကို အထက်ကိုတင်ပြပြီး အရေးယူ ဆောင်ရွက်သွားမည်ဟု ရန်ကုန်၊ စမ်းချောင်းမြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူး အောင်လွင်မှ မေလ ၄ ရက်နေ့တွင် ပြောခဲ့သည်။ (Mizzima)

သက်ဆိုင်ရာက တားမြစ်မှုများရှိနေသော်လည်း ကချင်ပြည်နယ်က စစ်ဘေးသင့်ပြည်သူများအတွက် ပြုလုပ်နေသည့်လှုပ်ရှားမှုများကို ဆက်လက်ပြုလုပ်သွားမည်ဟု ဗကသများ အဖွဲ့ချုပ်၏ ဗဟိုလုပ်ငန်းကော်မတီမှ ကိုဇေယျမှ မေလ ၆ ရက်နေ့တွင် ပြောခဲ့သည်။ (Mizzima)

မဟာမိတ်ဆက်ဆံရေး ရှိသည့် တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အချင်းချင်းကြား မှားယွင်းပစ်ခတ်မှုများ၊ တိုက်ပွဲများ မဖြစ်ပွားစေရန် အမြဲမပြတ်ဆက်သွယ်မှုရှိသည်ဟု တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) သတင်း နှင့် ပြန်ကြားရေးဌာန တာဝန်ခံ ဗိုလ်မှူး မိုင်းအိုက်ကျော်က မေလ ၄ ရက်နေ့တွင် ပြောခဲ့သည်။ (7day)

မြန်မာ့တပ်မတော်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများဟာ ပြင်းထန်ပြီး ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ကို အမြစ်ပျက်ချေမှုန်းတာ ဖြစ်နိုင်သည်ဟု (KIA) ၏ သတင်း နှင့် ပြန်ကြားရေး တာဝန်ခံ ဗိုလ်မှူးကြီးနော်ဘူမှ ယူဆကြောင်း မေလ ၄ ရက်နေ့ ပြောခဲ့သည်။ (Marganar)

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ခွင့်ပြုချက်ရလျှင် စစ်ရှောင်ပိတ်မိ ရွာသားများအား မေလ ၅ ရက်နေ့တွင် သွားရောက်ခေါ်ယူမည်ဟု ကာမိုင်းမြို့နယ်သို့ ရောက်ရှိနေသာ PCG မှ ပြောရေးဆိုခွင့်ရ ဦးလမိုင်ဂွမ်ဂျာထံမှ မေလ ၄ ရက်နေ့တွင် ပြောခဲ့သည်။ (MyitKyiNaNews)

ကချင်ပြည်နယ်အတွင်းပိတ်မိနေသော စစ်ဘေးရှောင်ပြည်သူများ လွတ်မြောက်ရေး နှင့် ပတ်သတ်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးအား VOA သတင်း ဌာနမှ အင်တားဗျူးထားပြီး အပြည့်အစုံအား (VOA) (VOA)

ကချင်ပြည်နယ် တနိုင်းမြို့အတွင်း တိုက်ပွဲကြားပိတ်မိနေသူများအား မေလ ၅ ရက်နေ့တွင် ကူညီကယ်ဆယ်သည့်ကားများ တိုက်ခိုက်ခံရခြင်းနှင့် ပတ်သတ်၍ ကချင် လွတ်မြောက်ရေး တပ်မတော် (KIA) မှ ငြင်းဆန်ခဲ့သည်။  (BBC)

မြန်မာနိုင်ငံ အစိုးရ လျှို့ဝှက်ချက်အက်ဥပဒေနှင့် တရားစွဲဆိုခံထားရသည့် ရိုက်တာ သတင်းထောက် နှစ်ဦး အမှုအတွက် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်တရားရုံးတွင် တရားလိုပြသက်သေ ဒုရဲမှူး မိုးရန်နိုင်မှ သူ့ကို ထောင်ချလိုက်တာသည် နောက်ထပ်အမှန်တရား ပေါ်ထွက်လာမည့် ရဲတပ်ဖွဲ့ဝင်များကို ခြိမ်းခြောက်လိုက်တာဟု မေလ ၉ ရက်နေ့ တွင် ပြောခဲ့သည်။ **"အဲလိုထောင်ချ လိုက်တာက နောက်ထပ်အမှန်တရားကို ပေါ်ထွက်လာမယ့် ရဲတပ်ဖွဲ့ဝင်တွေကို ခြိမ်းခြောက်လိုက်တာပဲလို့ ကျနော်မြင် ပါတယ်၊ ကျနော်တို့က အမှန်တရားနဲ့ ထောင်ကျမသွားဖို့ပဲ လိုပါတယ်"**ဟု ဒုရဲမှူး မိုးရန်နိုင်မှပြောခဲ့သည်။ (RFA) (TheLadies) (BBC) (Popular)

မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့ တိုက်ပွဲများကြောင့် တောထဲတွင် ပိတ်မိနေသော စစ်ဘေးဒုက္ခသည် ၃၀၀ ခန့် ဘေးကင်းလုံခြုံရာသို့ ရောက်ရှိပြီဖြစ်ကြောင်း ကချင်အမျိုးသမီး သမဂ္ဂစီမံကိန်း တာဝန်ခံ မဆွတ်ဆိုင်းထွယ်မှ မေလ ၁၁ ရက်နေ့တွင် ပြောခဲ့သည်။ **"ကလေးတွေလည်း နှစ် ပတ်၊ သုံးပတ်လောက် တောထဲမှာ နေရတာဆိုတော့ ခြေ ထောက်မှာ ရော အနာတွေနဲ့။ ကျန်နေသေး တဲ့လူတွေလည်း အခုထွက်လာနေပြီ။ သူတို့လမ်းတစ်ဝက်လောက် ရောက် နေပြီလို့ အကြောင်းကြားလာတယ်။ သန်ဘက်ခါလောက်ဆိုရင် ရောက်လာနိုင်တယ်၊ကလေးမွေးဖို့ ရှိနေတဲ့ ကိုယ် ဝန်နဲ့ မိခင်တွေတောထဲမှာ ရှိသေး တယ်။ တခြားမထွက်လာသေးတဲ့ ပိတ်မိပြည်သူတွေရှိသေးတယ်။ အားလုံးတော့ လွတ်မြောက်မှု မရှိ သေးဘူးပေါ့"**ဟု မဆွတ်ဆိုင်းထွယ်မှ ပြောခဲ့သည်။ (7Day)

မေလ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့ ICRC ရုံး၌ ကချင်ပြည်နယ်ရှိ ပဋိပက္ခအခြေအနေများနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင် ရာကြက်ခြေနီကော်မတီ (ICRC) မှ ကူညီထောက်ပံ့နေမှုများနှင့် ပတ်သတ်၍ မီဒီယာများနှင့်တွေ့ဆုံရာတွင် ကချင် ပြည် နယ်တွင် ကာလရှည်ကြာ ဖြစ်ပွားနေသောတိုက်ပွဲများကြောင့် စစ်ဘေးရှောင်ဦးရေ ၇ ထောင်ခန့် ရှိနိုင်ပြီး စစ်ဘေး ရှောင်များပုံမှန်လူနေမှုဘဝ ပြန်လည်ရောက်ရှိစေရန် လုပ်ဆောင်ပေးသင့်ကြောင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီ (International Committee of the Red Cross-ICRC) ဌာနေကိုယ်စားလှယ် Mr. Fabrizzo Carboni မှ ပြောခဲ့သည်။ (Mizzima)

နိုင်ငံတော်လျှို့ဝှက်ချက်ဥပဒေနှင့် ဖမ်းဆီးပြီး တရားစွဲဆိုခံနေရသည့် ရိုက်တာသတင်းထောက် ၂ ဦးဖြစ်သော ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့ ၂ ဦးကို အမြန်ပြန်လွှတ်ပေးဖို့ ပြင်သစ်နိုင်ငံအခြေစိုက် နယ်စည်းမခြား သတင်းထောက်များအဖွဲ့ RSF အဖွဲ့မှ မေလ ၁၁ ရက်နေ့တွင် ထပ်မံတောင်းဆိုခဲ့သည်။ (RFA)

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးဖြစ်သူဗိုလ်ချုပ်တေဇကျော်အား သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ရာ (KIA) အနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လမ်းကြောင်းပေါ် တက်မလာပါက နိုင်ငံတော်အစိုးရကို လက်နက်ကိုင် တော်လှန်ပုန်ကန်နေသူများအဖြစ် သတ်မှတ်၍ အစွမ်းကုန်ရှင်းမည်ဟု မေလ ၁၁ ရက်နေ့တွင် ပြောခဲ့သည်။ မြောက်ပိုင်းတိုင်း တိုင်းမှူး၏ ပြောဆိုချက်နှင့် ပတ်သက်၍ KIO ဆက်ဆံရေးရုံးရှိ နည်းပညာအထောက်အကူပြုအကြံပေးအဖွဲ့ (TAT) ပြောရေးဆိုခွင့်ရှိသူ ဦး ဒေါင်ခါးက တပ်မတော်အနေဖြင့် အကောင်းမြင်သည့် တွေးခေါ်စဉ်း စားမှုမျိုးရှိစေချင်သည် ဟုပြောခဲ့သည်။ (7Day)

နိဝင်ဘာတွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီ အဖွဲ့ချုပ် (SNLD-ကျားခေါင်း ပါတီ) နှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ် ပါတီ (SNDP-ကျားဖြူပါတီ) တို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ပါတီပြောရေးဆိုခွင့်ရှိသူများမှ မေလ ၁၃ရက် တွင်ပြောခဲ့သည်။ "နှစ်နေရာ စလုံးဝင်ပြိုင်ဖို့ အတွက် အောက်ခြေမှာတော့ အစည်းအဝေးလုပ်ဖို့ကို ညွှန်ကြား ထားပြီးသားဖြစ်တယ်" ဟု SNLD တွဲဖက် အတွင်းရေးမှူး (၁) ဦး စိုင်းလိတ်မှပြောခဲ့သည်။ (7Day)

## ငြိမ်းချမ်းရေးဖြစ်စဉ်ရက်စွဲစဉ်မှတ်တမ်း
## အတွဲ(၂)၊ အမှတ်(၈)၊ မေ ၂၀၁၈

ငြိမ်းချမ်းရေး ကော်မရှင် PC နှင့် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ KNPP ၏ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးရေး ကော်မတီတို့ ထိုင်းနိုင်ငံ၌ မေလ ၁၂ ရက်နေ့တွင် အလွတ်သဘော တွေ့ဆုံဆွေးနွေးရန် ညှိနှိုင်းထားမှုပျက်ပြယ်သွားသည်ဟု ငြိမ်းချမ်းရေး ကော်မရှင် အဖွဲ့ဝင် ဦးနိုင်ငံလင်းမှ ပြောခဲ့သည်။ အစည်းအဝေးကို အစိုးရ ငြိမ်းချမ်းရေး ကော်မရှင်ဘက်မှ ဖျက်ခဲ့ခြင်းဖြစ်ကြောင်း၊ တွေ့ဆုံဆွေးနွေးရန် ပေးပို့လာသည့် အကြောင်းအရာများမှာ ရှင်းလင်းမှုမရှိသည့်အတွက် ပြန်လည် ရှင်းလင်းပေးပါရန် စာပို့အကြောင်းအကြားရာမှ ငြိမ်းချမ်းရေးကော်မရှင်ဘက်မှ ဆွေးနွေးပွဲကို ဖျက်လိုက်ခြင်းဖြစ်သည်ဟု KNPP ၏ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးရေး ကော်မတီအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ နဲနယ်ပလိုးမှ ပြောခဲ့သည်။ **“KNPP ဖက် ဒီအစည်းအဝေးကို ဖျက်စရာအကြောင်းလည်း မရှိဘူး အဲဒီ စာအရ မရှင်းလို့ ရှင်းအောင်ပြန်မေးတဲ့ အဆင့်မှာပဲ ရှိသေးတယ်။ အဲဒီအဆင့်မှာပဲ အစိုးရဖက်က ကျိုးကြောင်း မဆီ လျော်ဘူး ဆိုပြီးတော့ အစည်းအဝေးကို ဖျက်လိုက်တာဖြစ်တယ်။**”ဟုပြောခဲ့သည်။ အလွတ်သဘောတွေ့ဆုံဆွေးနွေးရန် ပျက်ပြယ် သွားခဲ့သော်လည်း မကြာခင် ပြန်လည်တွေ့ဆုံနိုင်ရန် နှစ်ဖက် ကိုယ်စားလှယ်များ စာဖြင့် အပြန်အလှန် ဆက်သွယ် ပြောဆိုနေပြီး ယခုလမကုန်မီ တွေ့ဆုံနိုင်ရန် ခန့်မှန်းထားသည်ဟု ငြိမ်းချမ်းရေး ကော်မရှင် အဖွဲ့မှ အမည် မဖော်လိုသူ တာဝန်ရှိသူတစ်ဦးမှ ပြောခဲ့သည်။ (NMG) (NMG)

## တိုင်းရင်းသားပါတီများ

ကရင်ပြည်နယ်အခြေစိုက် သုံးပါတီပေါင်းထားသည့် KNDP-ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီက ယခုလမှ စတင်၍ ကရင်ပြည်နယ်တစ်ဝှမ်း စည်းရုံးရေး လုပ်ငန်းများ စတင်လုပ်ဆောင်ခဲ့ကြောင်း KNDP ဥက္ကဋ္ဌ မန်းအောင်ပြည်စိုးမှ ပြောခဲ့သည်။ (KIC)

## အခြား

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ အင်ဂျန်းယန်၌ စစ်ရှောင်နေရသော စစ်ရှောင် ပြည်သူများအား ဒေါ်ခင်ကြည့်ဖောင်ဒေးရှင်းမှ မေလ ၂ ရက်နေ့တွင် စားသောက် ရိက္ခာများ၊ အမိုးအကာများအတွက် လှူဒါန်းခဲ့သည်။ (TheLadies)

မေလ ၂ ရက်နေ့တွင် အင်းစိန်မြို့နယ် တရားသူကြီးမှ ရိုက်တာသတင်းထောက် ၂ ဦး အမှုတွင် ဒုတိယရဲမှူး မိုးရန်နိုင်အား မယုံကြည်ထိုက်သည့် သက်သေဖြစ်ကြောင်းဟု ဆိုကာ တရားလိုလျှောက်ထားမှုကို ပယ်ချပြီး ဆက်လက်စစ်ဆေးရန် ဆုံးဖြတ်ခဲ့သည်။ (MyanmarNow) (Irrawaddy)

ပုသိမ်မြို့နယ် တရားရုံးမှ ပုသိမ်ဟိုတယ်၌ ကျောင်းသားများ ကပြဖျော်ဖြေခဲ့သော စစ်ပွဲအလိုမရှိကြောင်း ပြဇာတ်အား ဦးထွန်းထွန်းဦးမှ Live လွှင့်ခဲ့ခြင်း နှင့် ပတ်သတ်၍ တပ်မိသားစုဝင်များ၏ ဂုဏ်သိက္ခာကို စော်ကားသည်ဟုဆိုကာ အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး အောင်မျိုးနိုင်မှ ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆ဃ ဖြင့်တရားစွဲဆိုခဲ့ပြီး မေလ ၇ ရက်နေ့တွင် ထောင်ဒဏ် ၃ လ ချမှတ်ခဲ့သည်။ (DVB) (Irrawaddy)

## နိုင်ငံတကာဆက်ဆံရေး

မေလ ၁ ရက်နေ့ မနက်ပိုင်း၌ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့ဝင်များ ရခိုင်ပြည်နယ်သို့ သွားရောက်ခဲ့ပြီး ရခိုင်ပြည်နယ်အစိုးရနှင့် တွေ့ဆုံခဲ့သည်။ ထို့နောက် ညပိုင်းတွင် လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ဒုက္ခသည်များအား မူလနေရာတွင် ပြန်လည်နေရာချထားရေး ကိစ္စများနှင့် ပတ်သတ်၍ ကူညီမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ မြန်မာအစိုးရအနေဖြင့် ကျူးလွန်ခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သတ်ပြီး တာဝန်ခံ စုံစမ်းစစ်ဆေးဖော်ထုတ်သွားမည် ဖြစ်ကြောင်း ကိုလည်း ပြောကြားခဲ့သည်။ (RFA)

မေလ ၃ ရက်နေ့၊ နေ့လည်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင်နှင့် ဗြိတိန်သံအမတ်ကြီး H.E. Mr. Andrew Patrick တို့ တွေ့ဆုံခဲ့သည်။ အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး စိုးထွဋ် တက်ရောက်ပြီး ဗြိတိန်နိုင်ငံသံ အမတ်ကြီးနှင့်အတူ စစ်သံမှူး Col. Nigel Goodwin တို့ တက်ရောက်ကြသည်။ ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ ငြိမ်းချမ်းရေး ဖြစ်စဉ်ကိစ္စများ ဆွေးနွေးခဲ့သည်။ (Military)

မေလ ၃ ရက်နေ့တွင် နိုင်ငံတော် သမ္မတ ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၏ ဧည့်ခန်းမ၌ နံနက် ၁၁ နာရီခန့်တွင် ဒေါက်တာ အီဇာဖာဒီရီအားလည်းကောင်း၊ နေ့လည် ၂ နာရီ အချိန့်ခန့်တွင်လည်း မြန်မာနိုင်ငံ ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး မစ္စတာ မန်ဂျူရှုလ်ကရင် ခမ်ချောင်ဒရီအား လည်းကောင်း၊ နေ့လည် ၃ နာရီခန့်တွင်လည်း မြန်မာနိုင်ငံဆိုင်ရာ မာရှယ်ကျွန်းစုသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ တွမ်ဒီကီဂျီနာအား လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး နှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာ သွားသူများ ပြန်လည် ခေါ်ယူရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ မာရှယ်ကျွန်းစု သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အလား အလာများကို လည်းကောင်း ဆွေးနွေးခဲ့သည်။ (SCoffice) (TheLadies)

မေလ ၃ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သမ္မတ ဧည့်ခန်း၌ နိုင်ငံတော် သမ္မတ ဦးဝင်းမြင့်နှင့် ဗြိတိန် သံအမတ်ကြီး Mr. Andrew Patrick တွေ့ဆုံခဲ့ပြီး ငြိမ်းချမ်ရေး ဖြစ်စဉ်နှင့် ပတ်သတ်သည့် အကြောင်းအရာများ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများအား ဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲသို့ သမ္မတ ရုံး လက်ထောက် ဦးမင်းသူ နှင့် အခြား အရာရှိများ တက်ရောက်ခဲ့သည်။ (PresidentOffice)

မေလ ၇ ရက်နေ့၊ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Ichiro MARUYAMA တို့တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး စိုးထွဋ် တက်ရောက်ပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးနှင့်အတူ သံရုံးမှပထမ အတွင်းဝန် Mr. Naoya KISHI တို့တက်ရောက်ခဲ့သည်။ တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပညာရည်မြှင့်တင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ပြည်ပနိုင်ငံများအနေဖြင့် ရခိုင်ပြည်နယ် အရေး ကိစ္စနှင့် ပတ်သက်၍ အခြေအနေအမှန်ကို သိရှိလေ့လာသုံးသပ်ပြီး တည်ငြိမ် အေးချမ်းရေးအတွက် ဆက်လက် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံမှ ကူညီ ဆောင်ရွက် ပေးနိုင်မည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် ငြိမ်းချမ်းသောဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့သည်။ (Military) (TheLadies) (Miliatary)

မေလ ၈ ရက်နေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီး ဌာန၌ ဒေါ်အောင်ဆန်းစုကြည်နှင့် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံ ရေးရာ၊ ဥပဒေရေးရာနှင့် လုံခြုံရေးရာ ညှိနှိုင်းရေးဝန်ကြီး ဒေါက်တာ အိတ်ချ်ဝီရန်တို့ တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံစဉ် ရခိုင်ပြည်နယ်ဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင် ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် အင်ဒိုနီးရှားနိုင်ငံမှ အကူအညီပေးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ (mmtime) (SCoffice)

မေလ ၈ ရက်နေ့ ညနေပိုင်းတွင် ပြည်ထဲရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ စစည်းခန်းမ၌ ပြည်ထဲရေး ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနတို့အကြား တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့် အစည်းအဝေး ပြုလုပ်ခဲ့သည်။ အဆိုပါဝန်ကြီး အဆင့် အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ ဦးဆောင်၍ ဒုတိယ ဝန်ကြီး ဗိုလ်ချုပ် အောင်စိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ရဲချုပ် အောင်ဝင်းဦး၊ ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ နိုင်ငံတော် ကောင်စီဝင်၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H. E. Mr. Zhao Kezhi ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် မြန်မာ-တရုတ်နှစ်နိုင်ငံ လုံခြုံရေးနှင့် တရာဥပဒေ စိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှု၊ မဲခေါင်ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု၊ မူးယစ် ဆေးဝါး တားဆီး နှိမ်နင်းရေး၊ အကြမ်းဖက်မှု တိုက်ဖျက်ရေး၊ လူကုန်ကူးမှု တားဆီး နှိမ်နင်းရေး၊ နှစ်နိုင်ငံ နယ်စပ် ဒေသလောင်းကစား မှုများအား တားဆီး နှိမ်နင်းရေး၊ မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်လျက်ရှိ သော စီမံကိန်းကြီးများ လုံခြုံရေးတို့ နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။ (MOI)

မေလ ၉ ရက်နေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီး H.E. Mr. Zhao Kezhi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ အားတွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးမှ တစ်ဆင့် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး၊ နယ်စပ်ဒေသများ လုံခြုံရေး၊ မူးယစ် ဆေးဝါး တားဆီး နှိမ်နင်းရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ အကြမ်းဖက်မှု တိုက်ဖျက်ရေး ကိစ္စရပ်များတွင် ပူးပေါင်း ဆောင်ရွက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးအတွက်

လိုအပ်သည့် ရဲအသုံးအဆောင်ပစ္စည်း ကိရိယာများ ကူညီ ထောက်ပံ့ပေးရေး၊ ရဲကွပ်ကဲမှုဗဟိုဌာန တည်ထောင်နိုင်ရေး၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံနှင့် ကျောက်ဖြူစီမံကိန်း ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန် လည်း တက်ရောက်ခဲ့သည်။ (PresidentOffice) (MOI) (TheLadies)

မေလ ၉ ရက်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေး ဝန်ကြီး H.E. Mr. Zhao Kezhi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် နှစ်နိုင်ငံ ဆက်ဆံရေး နှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ပြည်တွင်း ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင် လိုအပ်သည့် ကူညီ ထောက်ပံ့မှုများ ပေးအပ်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။တွေ့ဆုံပွဲသို့ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ အပြည်ပြည်ဆိုင်ရာပူး ပေါင်းဆောင် ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေး ဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန် လည်း တက်ရောက်ခဲ့သည်။ ထို့အတူ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင်လည်း နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Paul R. Seger နှင့် တာဝန်ရှိသူများအား တွေ့ဆုံခဲ့သည်။ (ScOffice) (TheLadies) (MOI) (Popular)

မေလ ၉ ရက်နေ့ နေ့လည်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ တပ်မတော်ကာကွယ်ရေးဦးစီး ချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်၊ ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Zhao Kezhi အားတွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများ တက်ရောက်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ မြန်မာ နိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Hong Liang နှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ (Military)

မေလ ၁၀ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး H.E. Mr. Paul R. Seger အားတွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များတွင် ဆွစ်ဇာလန်နိုင်ငံမှ ပါဝင်ကူညီ ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင်-မောင်တောဒေသ တည်ငြိမ် အေးချမ်းရေး ဆိုင်ရာကိစ္စများအား ဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့်

တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာ နိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီးနှင့်အတူ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဌာနအကြီး အကဲ Mr. Thieny Umbehr နှင့် အဖွဲ့ဝင်များတက်ရောက်ခဲ့သည်။ (Military)

မေလ ၁၁ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဧည့်ခန်းမ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယနိုင်ငံ၊ ပြည်ပရေးရာ ဝန်ကြီးဌာန၊ ဝန်ကြီး HE. Smt. Sushma Swaraj အားတွေ့ ဆုံခဲ့သည်။ တွေ့ဆုံရာတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုး တိုးတက်ရေးနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ကြိုးပမ်း ဆောင်ရွက်မှု လုပ်ငန်းစဉ်များတွင် အိန္ဒိယနိုင်ငံမှ ပါဝင်ကူညီပံ့ပိုးရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် နှစ်နိုင်ငံပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ဦးမြင့်သူ နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး HE. Shri Vikram Misri နှင့် အိန္ဒိယကိုယ်စား လှယ် အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ (SCOffice) (MOI) (Mizzima)

မေလ၁၁ရက်နေ့ နေ့လည်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အိန္ဒိယနိုင်ငံ၊ ပြည်ပရေးရာဝန်ကြီး H.E. Smt. Sushma Swaraj အားတွေ့ဆုံခဲ့ သည်။ တွေ့ဆုံစဉ် နှစ်နိုင်ငံ နယ်စပ်ဒေသတွင် နှစ်ဘက်တပ်များ ပူးပေါင်းဆောင်ရွက်မှုဖြင့် နယ်မြေတည်ငြိမ် အေးချမ်း လျက် ရှိသည့် အခြေအနေနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှု၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်း ဆောင်ရွက် လျက်ရှိသည့် အခြေအနေ၊ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် အခြား ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ ကို ဆွေးနွေးခဲ့သည်။ (MOI)

မေလ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဧည့်ခန်းမ၌ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယနိုင်ငံ၊ ပြည်ပရေးရာ ဝန်ကြီးဌာန၊ ဝန်ကြီး HE. Smt. Sushma Swaraj အား တွေ့ဆုံ ခဲ့သည်။ တွေ့ဆုံရာတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှု လုပ်ငန်း စဉ်များတွင် အိန္ဒိယနိုင်ငံမှ ပါဝင်ကူညီပံ့ပိုးရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် နှစ်နိုင်ငံပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ သည်။ တွေ့ဆုံပွဲသို့ အလုပ်သမား၊ လူဝင် မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ဦးမြင့်သူနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီး HE. Shri Vikram Misri နှင့် အိန္ဒိယကိုယ်စားလှယ် အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ (SCOffice) (7Day)